ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (18-9-2006) (၅၀၈၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချီလီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၁၈

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ချီလီသမ္မတနိုင်ငံ သမ္မတ မစ်(စ) မီရှဲလ် ဘရှက်လက် ဂျဲရီယာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။　(သတင်းစဉ်)

နိုင်ငံအကျိုး၊ ပြည်သူတစ်ရပ်လုံးအကျိုး ရှေးရှုရေရှည်တည်တံ့ခိုင်မာသည့် အခြေခံဥပဒေပေါ်ထွန်းလာစေရေး လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ကျေပွန်အောင်ဆောင်ရွက်

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၇

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ တရားရုံးချုပ်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းရေးအတွက် နိုင်ငံတော်သည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းမူဝါဒလမ်းစဉ် (၇)ရပ်မှာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ခေါ်ယူကျင်းပခဲ့ရာ သုံးကြိမ်မြောက် ခေါ်ယူကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုအောက်တိုဘာ၁၀ရက်တွင် အမျိုးသားညီလာခံကို ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပတော့မှာဖြစ်သည့်အတွက် ယခုကဲ့သို့ လုပ်ငန်းကော်မတီအစည်းအဝေး ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် အမျိုးသားညီလာခံတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့ တင်ပြထားသော အကြံပြုစာတမ်းများအပေါ် အလုပ်ညှိကျသဘာပတိအဖွဲ့၏ ကောက်နုတ် စုစည်းချက်များကို တင်ပြရန်ရှိကြောင်း၊ ထို့အပြင် ပြီးခဲ့သည့်အမျိုးသားညီလာခံ၌ ဆွေးနွေးခဲ့သည့် လွှတ်တော်အသီးသီး၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်း၊ နိုင်ငံသား၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ရေအောက်တွင် အသက်ရှူရှိုက်နိုင်မည့် ပါးဟက်တုကိရိယာ တီထွင်ရန် လေ့လာ

လန်ဒန်　စက်တင်ဘာ　၁၇

လူသားတို့ ရေအောက်တွင် အသက်ရှူရှိုက်နိုင်စေမည့် ပါးဟက်တု ကိရိယာများကို တီထွင်ဖော်ထုတ်ရန် အင်္ဂလန် သိပ္ပံပညာရှင်များ လေ့လာလျက်ရှိကြကြောင်း စက်တင်ဘာ ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပိုးတောင်မာ သတ္တဝါများသည် ရေအောက်တွင် နစ်မြုပ်နေချိန်အတွင်း အသက်ရှူရှိုက်နိုင်ကာ အသက်ရှင်သန်နိုင်ကြောင်း၊ ယင်းသတ္တဝါများ၏ အသက်ရှူရှိုက်ပုံ နည်းစနစ်ကို ဖော်ထုတ်နိုင်ခြင်းဖြင့် ပါးဟက်တု ကိရိယာများကို တီထွင်ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပိုးတောင်မာ သတ္တဝါများ၏ ဝမ်းဗိုက်များပေါ်တွင် အမွေးအမင်များ တည်ရှိနေပြီး လေအမြှေးပါးလွှာတစ်ခုကို ဖြစ်ပေါ်စေကြောင်း၊ လေအမြှေးပါးလွှာသည် ငါး၏ ပါးဟက်ကဲ့သို့ အသုံးတည့်ပြီး အောက်စီဂျင်ကို

စာမျက်နှာ ၈ ကော်လံ ၃ သို့ ●

ကြေးမုံ
The Mirror
အင်တာနက်
ဇီဝသိပ္ပံသတင်း

ရေအောက်တွင် အသက်ရှူ ရှိုက် နိုင်သည့်ပိုးတောင်မာ သတ္တဝါတစ် ကောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ– အင်တာနက်)

ယနေ့မိုးလေဝသ

၁၈–၉–၂၀၀၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈–၉–၂၀၀၆ (တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး တိုးမြှင့်ကြိုးပမ်း

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းသည် မျက်မှောက်ကာလတွင် အောင်မြင်တိုးတက်နေသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ မိမိတို့နိုင်ငံအလိုက် ထင်ရှားကျော်ကြားသော အဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ သဘာဝအလှအပ ရှုခင်းတည်ရှိရာနေရာများကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်၍ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးရေး ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာနိုင်ရေးအတွက် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစခန်းများ ဖွင့်လှစ်ထားရှိသည်။ လှော်ကားဥယျာဉ်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မိုးယွန်းကြီး ရေတိမ်ဒေသ ငှက်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဥယျာဉ်၊ အင်းလေးကန်ရေတိမ်နှင့် ငှက်ဘေးမဲ့တော၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဥယျာဉ်၊ ပုပ္ပားတောင်ဥယျာဉ်၊ အလောင်းတော ကဿပ အမျိုးသားဥယျာဉ်၊ ချပ်သင်းတောရိုင်း တိရစ္ဆာန်ဥယျာဉ်၊ နတ်မတောင် အမျိုးသားဥယျာဉ်၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (ရန်ကုန်)၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီး ရေတိမ်ဒေသ ဘေးမဲ့တော၊ ဖိုးကျားဆင်စခန်းနှင့် မြိုင်ဟေဝန်ဆင်စခန်းတို့သည် ထင်ရှားသော စခန်းများဖြစ်သည်။

ယင်းတို့အနက် စစ်ကိုင်းတိုင်း မုံရွာခရိုင်ရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်ရာကျော်ကျယ်ဝန်းပြီး သစ်မျိုးပေါင်း ၁၅၀ ခန့်နှင့် ဝါးနှင့်ကြိမ်တို့အပြင် အဖိုးတန် ရှားပါးပရဆေးပင်မျိုး များစွာတို့ရှိသည်။ ထို့အပြင် ဆင်၊ ကျား၊ ကျားသစ်၊ ပြောင်၊ စိုင်၊ ချေ၊ တောဝက်၊ ဝက်ဝံ၊ မျောက် အမျိုးမျိုးစသည့် တိရစ္ဆာန်များနှင့် ငှက်မျိုးစိတ်တစ်ရာကျော်၊ လိပ်ပြာမျိုးစိတ် နှစ်ရာကျော်တို့ကိုပါ လေ့လာနိုင်သည့် လှပထင်ရှားသော အမျိုးသားဥယျာဉ်ကြီးဖြစ်သည်။

ရှမ်းပြည်နယ်ရှိ အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာရှစ်ရာကျော်တွင် တည်ရှိပြီး သဘာဝကျွန်းမျောများ၊ စိုက်ခင်းများ၊ အင်းလေးကန် ပတ်ဝန်းကျင်ရှိ ဝန်းရံနေသော တောင်တန်းများ၊ ကျေးရွာများနှင့် ရိုးရာလက်မှုလုပ်ငန်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကန်ရေပြင် ငြိမ်သက်မှုနှင့် ငှက်များ၊ သဘာဝရှုခင်းအလှများကို ကမ္ဘာလှည့် ခရီးသည်များက စိတ်ဝင်စားကြသည်။

ကချင်ပြည်နယ်ရှိ ဆီးနှင်းဖုံးလွှမ်းလျက်ရှိသည့် တောင်တန်းများ၊ မြန်မာ့ပင်လယ်ပြင်ရှိ လှပသောဆလုံကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ရတနာကျွန်း စသည်တို့ကြောင့် ခရီးသွားများ တိုးတက်လျက်ရှိသည်။ ၂၀၀၅ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် ခုနစ်သောင်းကျော်၊ ယခုနှစ်ဝက်အထိ ခရီးသည်သုံးသောင်းကျော် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေများ၊ ပင်လယ်ပြင်ကျွန်းများ၊ တောရိုင်းတိရစ္ဆာန်၊ သစ်ပင် ပန်းမန်၊ သဘာဝတောတောင်ရှုခင်း များစွာရှိရာ ဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဦးကျော်လှိုင် ငါးနှစ်ပြည့်တို့အား ရည်စူး၍ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ စည်ပင်သာယာလမ်းနေ ဒေါ်သန်းခင်နှင့်သားသမီးမြေးတစ်စုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ကျင်းပ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် လှိုင်မြစ် လမ်းဆုံအနီး ဘုရင့်နောင်လမ်းသို့ ရောက်ရှိပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များစုပေါင်း၍ ဘုရင့်နောင်လမ်းအရှေ့ဘက်ခြမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များဆယ်ယူခြင်း၊ ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းရှိ ဆေးပညာဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် အောင်ဆန်းခန်းမ၌ ကျင်းပသော ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က အမှာစကား ပြောကြားသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) သို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးမောင်မောင် (ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် ၂၀၀၀၀၀၊ ပံသုကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၂၀၀၀၀၊ ထောက်ကြံ့ ပဲခူးလမ်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးမောင်တိုးနှင့်အဖွဲ့၊ ဟာဂျီဦးတင်ရွှေ(ဆွေမြန်မာဆောက်လုပ်ရေး)နှင့် ဦးမြင့်ဦး(ဧရာဝတီစားသောက်ကုန်)တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ မြောက်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနခွဲ (၃) ယာဉ်လိုင်းက ငွေကျပ် ၈၀၀၀၀၊ မြနန္ဒာယာဉ်လိုင်း၊ ရွှေပြည်သာမြို့နယ်ဇုန်(၁) စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ၊ ရွှေပြည်သာမြို့နယ် ဇုန်(၂)၊ (၃)၊ (၄) စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ၊ ဦးသန်းထွန်း၊ ဦးအောင်ဝင်းနှင့် ဦးသန်းကျော် (ရတီဦးအအေးခန်းလှိုင်သာယာ) တို့က ငွေကျပ် ၅၀၀၀၀စီ အပါအဝင် အလှူရှင် ၅၇ ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၁၇၂၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က ၂၀၀၅–၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးနှင့် လူငယ်ထုလုပ်ရှားမှုတို့တွင် ထူးချွန်ခဲ့ကြသည့် မြို့နယ်များနှင့် (၈၈)ကြိမ် သွေးလှူဒါန်းခဲ့သော မင်္ဂလာဒုံမြို့နယ် ၂/(က)ရပ်ကွက်မှ စည်းရုံးရေးမှူး ဦးတင်ရွှေတို့အား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးတင်အောင်နှင့် ဦးဆွေအောင်၊ မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကြီးမောင်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှင်ကောသလ္လတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၇

ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ မဟာဓမ္မာစရိယ M.A (Buddhism)သည် (၁၃၆၈ ခုနှစ် တော်သလင်းလကွယ်နေ့) စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဘာဝနာလမ်း၊ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းဓမ္မာရုံ၌ တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၉–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၄၅** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၀** ၄။ ˚ရင်မှာစွဲလန်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၂၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ မိုးလေဝသသတင်း
- **၆:၃၅** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လျှို့ဝှက်ချက် (အပိုင်း–၁၅)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ သံဃာဂုဏ်ရည်မြတ်လယ်တီ –အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ (အပိုင်း–၅)
- ၁၆။ မေးမြန်းစူးစမ်း
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရွှေမင်းသမီး(အပိုင်း–၉)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

ကျောင်းနေအရွယ်ကလေးငယ် သွားကျန်းမာဖို့စောင့်ရှောက်မယ်

ခင်ဦး

ရုပ်ကိုအာဟာရစောင့်၏။ ခန္ဓာကိုယ်အတွက် သင့်တင့်မျှတသော အာဟာရ ရဖို့အတွက် မရှိမဖြစ်လိုအပ်သော ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုမှာ 'သွား' ဖြစ်ပါသည်။ လူသားတို့အဖို့ အမြဲတမ်း ဂရုတစိုက်စောင့်ရှောက်ရန် သတိမမူမိသော ကျန်းမာရေးမှာ သွားနှင့်ခံတွင်း ကျန်းမာရေးပင်ဖြစ်ပါသည်။ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ကြိုတင်ကာကွယ်ခြင်းထက် ရောဂါဝေဒနာ ခံစားရမှသာ ကုသသည့် အလေ့အထကို တွေ့မြင်နေရပါ၏။

ဝန်ဆောင်မှုလုပ်ငန်းများ ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ယနေ့ကမ္ဘာကြီးတွင် သွားနှင့်ခံတွင်းကျန်းမာရေးမှာ လူမှုဆက်ဆံရေးတွင် အရေးပါသောကဏ္ဍတစ်ရပ်အဖြစ် အားလုံးလက်ခံလာကြသည်ကို တွေ့ရှိရမည်ဖြစ်ပါ၏။ **'ခံတွင်းသန့်သန့်၊သွားလှလှ'** ဆိုသည့်အတိုင်း သွားနှင့်ခံတွင်း ကျန်းမာခိုင်ခံ့မှုရှိမှသာ လူမှုဆက်ဆံရေးအတွက် ချစ်စဖွယ် သွားလေးများဖြင့် အပြုံးလှလှလေးများ ဆောင်ထားနိုင်မည်ဖြစ်ပါသည်။

အနာဂတ်တွင် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ဘဝကို တည်ဆောက်နိုင်ဖို့အတွက် ငယ်စဉ်ကလေးဘဝကတည်းက သွားနှင့်ခံတွင်း ကျန်းမာရေးကို စနစ်တကျ စောင့်ရှောက်နိုင်ရန် ကျန်းမာရေးအသိ ဗဟုသုတများ ရှိဖို့လိုအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မွန်မြတ်သော ရည်ရွယ်ချက်များချမှတ်၍ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရင်း နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး'** ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့ ပူးပေါင်း၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို အဆိုပါကျောင်း၌ ၁၅-၉-၂၀၀၆ ရက်နေ့တွင်ပြုလုပ်ခဲ့ပါ၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး ဦးဆောင်စည်းရုံးမှုဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း အမျိုးသမီးအဖွဲ့ငယ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စန်းဝင်း အပါအဝင် ဆရာဝန် ၁၆ဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်တို့အား ကျောင်းသား၊ ကျောင်းသူများက ဝမ်းပန်းတသာ ကြိုဆိုနှုတ်ခွန်းဆက်ကြပါသည်။

ကျောင်းတွင်းရှိ စပါယ်ခန်းမ၏ အောက်ထပ်တွင် သွားဘက်ဆိုင်ရာ ဆရာဝန်များက သွားနှင့်ခံတွင်းစမ်းသပ်ကုသမှုများအား ပြုလုပ်ပေးပြီး အပေါ်ထပ်တွင် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး ဟောပြောပွဲ ကို ပြုလုပ်ပေးခဲ့ကြပါသည်။ ဟောပြောပွဲ တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု ပေးရခြင်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များနှင့် လျော်ညီစွာ ဦးဆောင်ဆွေးနွေး၍ စိတ်ပါဝင်စားလာစေပြီး ကလေးငယ်များ အပြန်အလှန် ပါဝင်ဆွေးနွေးလာစေခြင်းဖြင့် ပျော်ပျော်ရွှင်ရွှင် အပေးအယူမျှမျှ ဟောပြောစည်းရုံးသွားနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ ဆရာဝန်များက ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ စစ်ဆေးကုသနေမှုများကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း အမျိုးသမီးအဖွဲ့ငယ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စန်းဝင်းက သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်ပေးခြင်း ခေါင်းစဉ်ဖြင့် အစာကိုကြေညက်အောင် ဝါးစားရန်၊ မျက်နှာအလှအပပေါ်လွင်ရန်၊ မှန်ကန်သည့် အသံပီသရန် အတွက် သွားသည်အရေးကြီးကြောင်း၊ သွားဖွဲ့စည်းပုံ၊ သွားရောဂါများတွင် သွားပိုးစားရောဂါ(သို့)သွားဆွေးမြည့်ရောဂါနှင့် သွားဖုံးရောဂါ နှစ်မျိုးရှိကြောင်း၊ ငယ်သွားပေါက်သည့်အချိန်၊ ကြီးသွားပေါက်သည့်အချိန်၊ အံဆုံးပေါက်သည့်အချိန်ကာလနှင့် လူတစ်ယောက်အတွက် ရှိရမည့် သွားအရေအတွက်တို့ မည်မျှရှိကြောင်း၊ ချိုသော၊ စေးကပ်သော အစားအစာများကိုရှောင်ရန်၊ သွားကိုကျန်းမာစေသောနို့၊ ငါးသေးသေး လေးများ၊ ဟင်းသီးဟင်းရွက်များကို စားသုံးပေးရန်၊ သွားပိုးစားသည့် ရောဂါကို သွားပိုးချပေးခြင်းဖြင့် ပျောက်ကင်းသည်ဟု လွဲမှားသော အယူအဆကို မယုံကြည်ရန်၊ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် ရောဂါဖြစ်တိုင်း သွားဘက်ဆိုင်ရာဆရာဝန်နှင့် ပြသသင့်ကြောင်းနှင့် ရောဂါမဖြစ်ပွားပါကလည်း တစ်နှစ်လျှင် နှစ်ကြိမ် ပြသသင့်ကြောင်းကို ကျောင်းသား၊ ကျောင်းသူလေးများ နားလည်သဘောပေါက်သည်အထိ ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဒေါက်တာ ဒေါ်ခင်ခင်လွင်က ခံတွင်းကိုသန့်ရှင်းစွာမထားခြင်း၊ သွားမှန်မှန်မတိုက်ခြင်း၊ သွားမှန်မှန်တိုက်သော်လည်း စနစ်ကျမှု မရှိခြင်းတို့ကြောင့် သွားဖုံးရောဂါဖြစ်ရခြင်းအကြောင်းကို ကျောင်းသား၊ ကျောင်းသူလေးများ ဂရုပြုဆင်ခြင်လာနိုင်စေရန်အတွက် ခံစားရသော ဝေဒနာများကို ကိုးကား၍ ရှင်းလင်းဟောပြောပေးခဲ့ပါသည်။ ဆက်လက်၍ ဒေါက်တာဒေါ်ခင်နှင်းအေးက သွားနှင့်ခံတွင်း ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် အစာစားပြီးတိုင်း ပလုတ်ကျင်းရန်၊ သွားကိုတစ်နေ့နှစ်ကြိမ်တိုက်ရန်၊ မေးရိုးအထက်အောက်ဟ၍ အထက်အောက်နည်းစနစ်မှန်မှန် နှစ်မိနစ်မှ သုံးမိနစ်ကြာသည်အထိ ပွတ်တိုက်ရန်၊ သွားထဲ၌ အစာညပ်လျှင် သွားကြားထိုးတံမသုံးဘဲ သွားတိုက်ကြိုး(dental floss)သုံးရန်၊ သွားနှင့်ခံတွင်းပျက်စီးစေမည့် အစားအစာများနှင့် ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ရန်တို့ကို သွားအံပုံနှင့် သွားပွတ်တံပုံစံများအသုံးပြု၍ လက်တွေ့သရုပ်ပြသပေးသည့်အပြင် ကလေးငယ်များအား ပြန်လှန်မေးခွန်း မေးမြန်းခြင်းဖြင့် နားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်နိုင်အောင် စည်းရုံးဟောပြောနိုင်ခဲ့ပါသည်။

ဟောပြောပွဲအခမ်းအနားတွင် အဆိုပါကျောင်းရှိ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာစောင်ရေ ၄၉၅ စောင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး ထံသို့ ကျောင်းသူလေးနှစ်ဦးက ပေးအပ်ခဲ့ကြပါသည်။ ဟောပြောပွဲပြီးနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူးနှင့်အဖွဲ့က သွားနှင့်ခံတွင်း စမ်းသပ်ကုသရာနေရာသို့ သွားရောက်၍ ကလေးငယ်များအား အားပေးစကားပြောကြားခဲ့ကြပါသည်။ အဆိုပါကျောင်းရှိ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၅၅၈ ဦးနှင့် အလယ်တန်း၊ အထက်တန်းမှ ရောဂါဝေဒနာရှိသူ ကျောင်းသား၊ ကျောင်းသူများအား စေတနာရှင် ဆရာဝန်များအဖွဲ့က စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြပါသည်။

ကျောင်းသား၊ ကျောင်းသူကလေးငယ်များသည် သွားနှင့်ခံတွင်း ကျန်းမာစောင့်ရှောက်မှု အသိပညာပေးပွဲကြီးကြောင့် ကျန်းမာရေး ဗဟုသုတများ ပိုမိုပွင့်လန်းလာပြီး အနာဂတ်တွင် ယုံကြည်ချက်ပြည့်ဝသော၊ ကျန်းမာကြံ့ခိုင်သော သားကောင်းသမီးမွန်ရတနာများ ဧကန်ဖြစ်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စက်တင်ဘာ ၁၇ ရက်က IT Myanmar က ကြီးမှူးပြုလုပ်သည့် Mr. Accounting ERP Production Software သင်တန်းဆင်းပွဲတွင် အကြံပေးပုဂ္ဂိုလ် ဦးတင်မောင်ထွန်းက သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၇-၉-၂၀၀၆)

နေပြည်တော်	၀ ဒသမ ၇၈ လက်မ
သံတွဲ	၃ ဒသမ ၂၃ လက်မ
ဂွ	၂ ဒသမ ၉၉ လက်မ
တောင်တွင်းကြီး	၂ ဒသမ ၆၀ လက်မ
မြိတ်	၁ ဒသမ ၈၄ လက်မ
မော်ဘီ	၁ ဒသမ ၇၀ လက်မ
မကွေးနှင့်ကိုကိုးကျွန်း	၁ ဒသမ ၆၅ လက်မ
ဟသ်ာတ	၁ ဒသမ ၄၂ လက်မ
ပုသိမ်	၁ ဒသမ ၃၈ လက်မ
သထုံ	၁ ဒသမ ၃၀ လက်မ

လန်းဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (၃၂-၃၄၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်) သို့ အစ်ကို ဦးမောင်ထွေးနှင့် ခင်ပွန်း ဦးသိန်းတန်တို့အားရည်စူး၍ မရမ်းကုန်းမြို့နယ် ကန်ရိပ်သာလမ်းနေ ဒေါ်ခင်သီမိသားစုက နာယက ဦးအံ့မောင်ထံ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လာမည့်နှစ်တွင် ဗီယက်နမ်ဂျီဒီပီ ၈ ဒသမ ၈ရာခိုင်နှုန်း တိုးတက်နိုင်

ဟနွိုင်း စက်တင်ဘာ ၁၆

၂၀၀၆ ခုနှစ်နှောင်းပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ ဝင်ရောက်နိုင်ဖွယ်ရှိသော ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)မှာ ၂၀၀၇ ခုနှစ်တွင် ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက် လာဖွယ်ရှိသည်ဟု စတင်းဒတ်ချာတာဘဏ်က ကြိုတင်ခန့်မှန်းလိုက်ကြောင်း ဗီယက်နမ်သတင်းအမည်ရှိ သတင်းစာက စက်တင်ဘာ ၁၄ ရက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်နိုင်မှုနှင့် အကောက်ခွန်နှုန်း လျော့နည်းမှုတို့ကြောင့် ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ ခုနှစ် နှောင်းပိုင်းတွင် ဂျီဒီပီတိုးတက်လာမည်ဖြစ်ပြီး ပို့ကုန်တိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ ဂျီဒီပီမှာလည်း ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း အဆိုပါဘဏ်၏ သုတေသနအဖွဲ့ စီးပွားရေးပညာရှင် ဂျိုစက်တန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်နိုင်လျှင် ၂၀၀၇ ခုနှစ်တွင် နိုင်ငံ၏ ဂျီဒီပီတိုးတက်နှုန်းမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းကျော်ရှိနိုင်ကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနှင့်တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် စီးပွားရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်မည်

ဗန်ကောက် စက်တင်ဘာ ၁၆

ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ လျောင်နင်းပြည်နယ်တို့သည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု ထူးခြားစွာ မြှင့်တင်သွားမည်ဖြစ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဆွမ်ကစ်ဂျာတူဆရီပီတက်က ပြောကြားသည်။

ထိုင်းနိုင်ငံနှင့် အဆိုပါပြည်နယ်မှ တရုတ်စီးပွားရေး လုပ်ငန်းရှင်များသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်သွားမည်ဟု ဆွမ်ကစ်က လျောင်နင်းပြည်နယ်မှ အထင်ကရမြို့နှစ်မြို့ဖြစ်သည့် ရှန်ယန်းနှင့် တာ့လျံတို့တွင် တရုတ်တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးအပြီး ပြောကြားသည်ကို ထိုင်းသတင်းဌာနက ကိုးကားဖော်ပြသည်။

တာ့လျံမြို့သည် တရုတ်နိုင်ငံ၏ အရေးပါသည့် ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်ပြီး ထိုင်းနိုင်ငံ ထွက်ကုန်ပစ္စည်းများကို တစ်နှစ်ကြာ အခမဲ့ဖြင့် ပြပွဲပြသခွင့်ပေးမည်ဖြစ်သည်။ အထူးသဖြင့် ဟွမ်မာလီခေါ် ထိုင်းဆန်မွှေးနှင့် အခြားသစ်သီးဝလံများကို ဈေးကွက်ဖွင့်ရောင်းချမည်ဖြစ်သည်ဟု ဆွမ်ကစ်က ပြောကြားသည်။

အခြားတစ်ဖက်တွင် တရုတ်စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ထိုင်းနိုင်ငံ၌ မော်တော်ယာဉ် ထုတ်လုပ်မှု၊ စက်ပစ္စည်းထုတ်လုပ်မှု၊ အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်မှုနှင့် ရေနံဓာတုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် လိုလားနေကြပြီး တရုတ်နိုင်ငံ လျောင်နင်း စီးပွားရေးဈေးကွက်ကို အရှေ့တောင်အာရှ အသင်းဝင်နိုင်ငံများသို့ ဖွင့်လှစ်ထားနိုင်ရန် ခွင့်ပြုမည်ဖြစ်သည်ဟု ဆွမ်ကစ်က ပြောကြားသည်။ ထိုင်းအနေဖြင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေအမြတ်အစွန်း ရရှိနိုင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သွေးလွန်တုပ်ကွေးရောဂါ ကမ္ဘောဒီးယားတွင် ဖြစ်ပွား

ဖနောင်ပင် စက်တင်ဘာ ၁၆

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် ကလေး ၁၀၂ ဦးထက်မနည်း သေဆုံးကြောင်း၊ ၁၉၉၈ ခုနှစ်ကတည်းက ခြင်ကသယ်ဆောင်လာသော ရောဂါကြောင့် အများဆုံးဖြစ်ပွားသော ရောဂါများတွင် သွေးလွန်တုပ်ကွေးရောဂါမှာ အဆိုးဆုံးဖြစ်ကြောင်း၊ အစိုးရနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသော ကလေး ၁၀၀၀၀ ကျော်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်က ယင်းရောဂါဖြစ်ပွားသူ ၆၀၀၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား သွေးလွန် တုပ်ကွေးအစီ အစဉ် ညွှန်ကြားရေးမှူး နန်ချန်သာက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ခေတ်အဆက်ဆက် ဆံကေသာဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင်ပါဝင်ပြသနေသူများအားစက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အင်ဒိုနီးရှားနိုင်ငံ ဂျူအန်ဒါလေဆိပ်၌ အကြမ်းဖက်မှုကာကွယ်ရေး တပ်ဖွဲ့ဝင်များ လေ့ကျင့်နေကြသည်ကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများ၌ မသင်္ကာသူများအား ဖမ်းဆီးထားမှု အီးယူ ရှုတ်ချ

ဘရပ်ဆဲယ် စက်တင်ဘာ ၁၆

အမေရိကန်အစိုးရက ပြည်ပတိုင်းပြည်များရှိ လျှို့ဝှက်အကျဉ်းစခန်းများတွင် အကြမ်းဖက်သမားဟု မသင်္ကာသူများကို ဖမ်းဆီးထားမှုအပေါ် ဥရောပသမဂ္ဂ(အီးယူ)က သောကြာနေ့တွင် ရှုတ်ချပြောကြားသည်။ ယင်းအကျဉ်းစခန်းများ တည်ရှိမှုကို အမေရိကန်သမ္မတဂျော့ဂျ်၊ ဘုရှ်က လွန်ခဲ့သည့်ရက်သတ္တပတ်တွင်ဝန်ခံပြောကြားခဲ့သည်။

အဆိုပါ လျှို့ဝှက်အကျဉ်းစခန်းများ ပြည်ပတွင်ရှိနေသည့် သတင်းပေါ်ထွက်ခါစဖြစ်သည့် လွန်ခဲ့သည့်နှစ်အတွင်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက အမေရိကန်အစိုးရကိုဝေဖန်ပုတ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းမရှိပေ။

ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ လူများကို ဖမ်းဆီးချုပ်နှောင်ထားသည့် အဆိုပါ လျှို့ဝှက်အကျဉ်း စခန်းများတည်ရှိမှုသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဥပဒေနှင့်နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေတို့နှင့် ကိုက်ညီမှုမရှိဟု ဖင်လန်နိုင်ငံခြားရေးဝန်ကြီးကျူအိုမီ ယိုဂျာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုကို တိုက်ဖျက်ရာတွင် လူ့အခွင့်အရေးနှင့် လူလူချင်းစာနာ ထောက်ထားရေးဆိုင်ရာ စံချိန်စံညွှန်းများက လိုက်နာရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ၏ အဓိက ပြည်ပပို့ကုန် တစ်ခုဖြစ်သည့် ဝါများအား ကရာချိမြို့ရှိ အဝယ်ဒိုင်သို့ လာရောက် ရောင်းချနေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

သန္ဓေတားဆေးသုံးကာ ဆင်ကောင်ရေ ထိန်းချုပ်မှုကို ဝေဖန်

ကိုလ်ကာတား စက်တင်ဘာ ၁၆

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် မွေးမြူထားသော ဆင်ကောင်ရေတိုးပွားနေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ဆင်များအား သန္ဓေတားဆေးကျွေးနေသည့် လုပ်ရပ်ကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအုပ်စုများက ဝေဖန်လိုက်ပြီး ဆင်များမျိုးသုဉ်းမှုကို ဖြစ်စေနိုင်ကြောင်း သတိပေးလိုက်သည်။ အဆိုပါဆင်များကို ထိန်းသိမ်းပြုစုရသည့် စရိတ် ငွေနည်းပါးနေသဖြင့် ယခုလမှစတင်၍ သန္ဓေတားသည့် ထိုးဆေး၊ စားဆေးများ အသုံးပြုပြီး ထိန်းချုပ်ခဲ့သည်ဟု ဆိုသည်။

ဝေဖန်

သို့ရာတွင် ယင်းလုပ်ရပ်ကို တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအုပ်စုများက ဝေဖန်နေကြသည်။ ဆင်များ ပေါက်ပွားသည့်နေရာများ ယုတ်လျော့လာပြီး ဆင်များကို ခိုးဝှက်သတ်ဖြတ်မှုများ တိုးပွားနေကြောင်း ၎င်းတို့က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကလပ်ခ်လေဆိပ်တွင် တိုက်ဂါးအဲဝေးစ် လေယာဉ်များ ဆင်းမည်

မနီလာ စက်တင်ဘာ ၁၆

ဖိလစ်ပိုင်နိုင်ငံရှိ ကလပ်ခ်နိုင်ငံတကာ လေဆိပ်ကော်ပိုရေးရှင်းသည် စင်ကာပူအခြေစိုက် တိုက်ဂါးအဲဝေးစ် လေယာဉ်ကုမ္ပဏီ၏ လေယာဉ်များ ဆင်းသက်ခွင့်ပြုရန် ငါးနှစ်သက်တမ်းရှိ လိုင်စင်ကို ထုတ်ပေးလိုက်ကြောင်း စက်တင်ဘာ ၁၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တိုက်ဂါးအဲဝေးစ်ခရီးသည်တင်လေယာဉ်များသည် ကလပ်ခ်နိုင်ငံတကာ လေဆိပ်တွင် ဆင်းသက်ခွင့်ရရှိခြင်းဖြင့် ယင်းလေဆိပ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပေးနိုင်မည်ဖြစ်သည်။ ***အင်တာနက်။***

ဗီယက်နမ် လေကြောင်းလိုင်းများတွင် လုံခြုံရေးဝန်ထမ်းများ စောင့်ကြပ်လိုက်ပါမည်

ဟန္နိုင်း စက်တင်ဘာ ၁၆

ဗီယက်နမ်နိုင်ငံ လေကြောင်းလိုင်းများ၏ လေယာဉ်များပေါ်တွင် လုံခြုံရေးအတွက် အစောင့်အရှောက်လုံခြုံရေးဝန်ထမ်းများ လိုက်ပါစေမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက်ထုတ် ယုဒ်သ်သတင်းစာက ဖော်ပြထားသည်။

လိုက်ပါဆောင်ရွက်

အထက်ပါ အစီအစဉ်မျိုးကို နိုင်ငံအများအပြားရှိ လေကြောင်းလိုင်းများ၌ ကျင့်သုံးနေသည့်နည်းတူ ဗီယက်နမ်နိုင်ငံကလည်း လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငုယင်ဗန်လင်က ပြောကြားသည်။ ၎င်းသည် ဗီယက်နမ် မြို့ပြလေကြောင်း အုပ်ချုပ်ရေးဌာနအောက်ရှိ လေကြောင်းလုံခြုံရေးဌာန၏ ဒုတိယအကြီးအကဲဖြစ်သည်။

အမေရိကန်နိုင်ငံ၏ လေကြောင်းဆိုင်ရာလုပ်ငန်းများတွင် လေကြောင်းလုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းထားရှိရမည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဗီယက်နမ် လေကြောင်းလိုင်းသည် မကြာမီအချိန်အတွင်း အမေရိကန်နိုင်ငံသို့ တိုက်ရိုက်ပျံသန်းမည့် အစီအစဉ်များရှိသဖြင့် ဗီယက်နမ် လေကြောင်းမှ လေယာဉ်များပေါ်၌ လုံခြုံရေးဝန်ထမ်းများလိုက်ပါရေး အစီအစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်သည်။

လေကြောင်းလုံခြုံရေးအစောင့်များလိုက်ပါမည့် အစီအစဉ်ကို ဗီယက်နမ်လေကြောင်းပျံသန်းရေးဥပဒေ ထုတ်ပြန်ကြေညာမည့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ချိန်ကိုက်၍ စတင်အကောင်အထည်ဖော်သွားရန်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်တွင် ပြသထားသော အလေးချိန် တန် ၁၆၀ ရှိ ဇာကိုလိုကိုလ် ခေါင်းလောင်းကြီးကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကက်စထရိုနှင့် ဗင်နီဇွဲလားသမ္မတ တွေ့ဆုံဆွေးနွေး

ဟာဗားနား စက်တင်ဘာ ၁၆

ကျူးဘားနိုင်ငံသို့ အလည်အပတ်လာရောက်သော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် ကျူးဘားနိုင်ငံ ခေါင်းဆောင် ဖီဒယ်လ်ကက်စထရိုတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း စက်တင်ဘာ ၁၄ ရက်တွင် ကျူးဘားရုပ်သံက ပြသသွားသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးဆွေးနွေးပွဲသို့ အသက် ၈၀ ရှိ ကျူးဘားနိုင်ငံခေါင်းဆောင် တက်ရောက်နိုင်လိမ့်မည်ဟု ကျူးဘားရုပ်သံဌာနက ထုတ်လွှင့်ပြသခဲ့သည်။ ကက်စထရိုသည် အူပိုင်းသွေးယိုစိမ့်သည့် ဝေဒနာခံစားရပြီးနောက် ဇူလိုင်လနှောင်းပိုင်းက ယင်းဝေဒနာကို ကုသမှုခံယူခဲ့ကြောင်း၊ ၎င်းသည် ချာဗက်ဇ်နှင့် နှစ်နာရီကြာတွေ့ဆုံပြီးနောက် စာအုပ်တစ်အုပ် မေတ္တာလက်ဆောင်ပေးခဲ့သည်။ ယင်းစာအုပ်မှာ ပြင်သစ်သတင်းစာဆရာ အိုင်နာစီရာမိုနက် ရေးသားသည့် စာအုပ်ဖြစ်သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးဆွေးနွေးပွဲအတွက် ချာဗက်ဇ်သည် ကျူးဘားနိုင်ငံသို့ ရောက်ရှိနေကြောင်း၊ ဖီဒယ်လ်ကက်စထရိုကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်နေသည်ကို တွေ့မြင်ကြောင်း သတင်းထောက်များအား ပြောကြားသည်။ ကျူးဘားခေါင်းဆောင်၏ ကျန်းမာရေးမှာ ပြန်လည်ကောင်းမွန်လာသော်လည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်မသေချာကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖီလက်ပီရက်ဇ်ရို့ကွီက စောစောပိုင်းတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူကရိန်းနိုင်ငံ နယ်စပ်၌ ဥရောပနိုင်ငံများသို့ ရေနံပေးပို့ရေး အတွက် ပိုက်လိုင်း တည်ဆောက်နေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန်တွင် အီးကိုလိုင်းရောဂါဖြစ်ပွား တစ်ဦးသေဆုံး၊ ၅၀ နီးပါး ကူးစက်ခံရ

ဝါရှင်တန် စက်တင်ဘာ ၁၆

အမေရိကန်နိုင်ငံရှိ ပြည်နယ်ရှစ်ခုတွင်အီးကိုလိုင်းရောဂါပိုးကူးစက်ခံရသဖြင့် လူတစ်ဦးသေဆုံးပြီး အခြားဒါဇင်ပေါင်းများစွာ ရောဂါခံစားနေကြရသဖြင့် ဗဟိုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူအများကို ဟင်းနုနယ်အစိမ်းများကို အလွန်အကျွံ စားသုံးခြင်း မပြုကြရန် သတိပေးထားသည်။

ယင်းရောဂါကြောင့် သေဆုံးသွားရသူမှာ ဝက်စ်ကွန်ဆင်ပြည်နယ်မှဖြစ်ပြီး ရောဂါကူးစက်ခံရသူ ၄၉ ဦးမှာ ကွန်နက်တီကတ်၊ အိုင်ဒါဟို၊ အင်ဒီယားနား၊ မီချီဂန်၊ နယူးမက္ကဆီကို၊ အော်ရီဂွန်နှင့် ဥတား ပြည်နယ်တို့မှဖြစ်သည်ဟု အစားအစာနှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ)က စက်တင်ဘာ ၁၄ ရက်က ပြောကြားသည်။

ကနဦးရောဂါဗေဒဆိုင်ရာ စူးစမ်းလေ့လာချက်များအရ အီးကိုလိုင်းရောဂါ၏ မူလဇာစ်မြစ်မှာ ဟင်းနုနယ် အသီးအရွက်အစိမ်းများပင် ဖြစ်ဖွယ်ရာရှိကြောင်း အက်ဖ်ဒီအေက ဆိုသည်။ ဟင်းနုနယ်အရွက်အစိမ်း စားသုံးခြင်းကို ပြည်သူများအနေဖြင့် ဆင်ခြင်သင့်ကြောင်း အကြံပြုထားသည်။

အီးကိုလိုင်းရောဂါပိုးသည် ကျွဲနွားများနှင့် အခြားတိရစ္ဆာန်များ၏ ဝမ်းဗိုက်အတွင်း ရှင်သန်သော ရောဂါပိုးမျိုးဖြစ်သည်။ ယင်းရောဂါပိုးကြောင့် ဝမ်းပျက်ရောဂါဖြစ်ပွားနိုင်သည်။ ကျန်းမာသော လူကြီးများ ရောဂါကူးစက်ခံရလျှင် သီတင်းတစ်ပတ်ခန့်အတွင်း ပြန်လည်ကျန်းမာလာနိုင်သည်။ သို့ရာတွင် လူငယ်များနှင့် သက်ကြီးများဖြစ်လျှင် မူ ကျောက်ကပ်ထိခိုက်နိုင်ပြီး ဆိုးရွားလျှင် အသက်ဆုံးသည်အထိ ဖြစ်နိုင်သည်ဟု ဆိုသည်။

ကူးစက်စေနိုင်

မကျက်တကျက်ချက်ထားသော နို့၊ ပိုးသတ်မထားသော သစ်သီးဖျော်ရည်၊ မသန့်ရှင်းသောရေနှင့် အသားများ၊ မကျက်တကျက် အသားညှပ်မုန့် စသည်များသည် ဗက်တီးရီးယားပိုးကူးစက်စေနိုင်သော အစားအစာများဖြစ်သည်။ ***အင်တာနက်။***

အင်ဒိုနီးရှား အရှေ့ဂျာဗား၌ ရေနံချက်စက်ရုံ တည်ဆောက်မည်

ဂျကာတာ စက်တင်ဘာ ၁၇

အင်ဒိုနီးရှားအစိုးရသည် အရှေ့ဂျာဗားဒေသ စီတူဘွန်ဒိုမြို့၌ ရေနံချက်စက်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း၊ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရုရှားနိုင်ငံမှ အဖွဲ့အစည်းတစ်ခုက ငွေကြေးထောက်ပံ့မည်ဖြစ်ကြောင်း မီဒီယာသတင်းတစ်ရပ်က သောကြာနေ့တွင် ဖော်ပြသည်။

အဆိုပါ ရေနံချက်စက်ရုံသည် ဟက်တာ ၄၀၀ကျယ်ဝန်းမည်ဖြစ်ပြီး ဂျကာတာမြို့မှ ကီလိုမီတာ ၈၅၀ အကွာရှိ စီတူဘွန်ဒိုမြို့တွင် တည်ရှိမည်ဖြစ်ကြောင်း ဘစ္စနစ်အင်ဒိုနီးရှား သတင်းစာက ဖော်ပြသည်။

ရုရှားကုမ္ပဏီနှင့် ချုပ်ဆိုမည့် ပူးတွဲဆောင်ရွက်ရေး သဘောတူညီချက်ကို နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အရှေ့ဂျာဗားဒေသ အုပ်ချုပ်ရေးမှူး အီမန်ယူတိုမို၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။

နားလည်မှုစာချွန်ကို သမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုကိုယ်တိုင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အီမန်ယူတိုမိုက ပြောကြားသည်။ ရေနံချက်စက်ရုံ တည်ဆောက်ရေးအပြင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များလည်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကွန်ဂိုနိုင်ငံ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်း စောင့်ရှောက်ရေးဌာန၌ မျိုးသုဉ်း ပျောက်ကွယ်လုရှိသည့် ဘိုနိုဘော့စ် လူဝံတစ်ကောင်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လက်ဘနွန်တောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာတပ်ဖွဲ့ ရှိနေဆဲဟုဆို

ဘေရွတ် စက်တင်ဘာ ၁၆

လက်ဘနွန်တောင်ပိုင်းတွင် မိမိတို့၏ တပ်ဖွဲ့ဝင်များ ရှိနေဆဲပင်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ အကြီးအကဲ ရှိတ်ဟက်ဆန်နာဆရာလားက စက်တင်ဘာ ၁၅ ရက်တွင် ရုပ်မြင်သံကြားလူတွေ့မေးမြန်းခန်းတစ်ရပ်၌ ပြောကြားလိုက်သည်။

ရှိနေဆဲ

လီတာနီမြစ်၏ တောင်ဘက်ဒေသတွင် မိမိတို့၏ တပ်ဖွဲ့ဝင်များ ရှိနေဆဲပင်ဖြစ်ကြောင်း၊ အစ္စရေးနှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် လက်နက်တပ်ဆင်ထားသည့် ဟစ်ဇ်ဘိုလာ တပ်ဖွဲ့ဝင်များ ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့ပိုင်ဆိုင်သော နယ်မြေတွင် မိမိတို့၏ တပ်ဖွဲ့များရှိနေခြင်းကို မည်သူကမျှ တားဆီးနိုင်မည် မဟုတ်ကြောင်း ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနသို့ နာဆရာလားက ပြောကြားသည်။

မှန်ကန်ခြင်းမရှိ

ဟစ်ဇ်ဘိုလာ ပြောက်ကျားအဖွဲ့ကို ချေမှုန်းသော စစ်ပွဲသည် မိမိတို့ကို အပြီးတိုင် ချေမှုန်းနိုင်သည်ဆိုသော အစ္စရေးအစိုးရ၏ ပြောကြားမှုမှာ မှန်ကန်ခြင်းမရှိကြောင်း နာဆရာလားက ဖွင့်ဟလိုက်သည်။ ***အင်တာနက်။***

ပါလက်စတိုင်း လုံခြုံရေးအရာရှိ ငါးဦး ပစ်သတ်ခံရ

ဂါဇာ စက်တင်ဘာ ၁၆

ပါလက်စတိုင်းစစ်သွေးကြွများက အထက်တန်းလုံခြုံရေးအရာရှိတစ်ဦး အပါအဝင် ပါလက်စတိုင်း လုံခြုံရေးအရာရှိ ငါးဦးတို့ကို ဂါဇာအနောက်ပိုင်းဒေသရှိ မြို့တစ်မြို့တွင် သောကြာနေ့ မွန်းလွဲပိုင်းက ပစ်သတ်ခဲ့ကြောင်း ဆေးတပ်ဖွဲ့ဝင်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မော်တော်ယာဉ်တစ်စီးသည် ပါလက်စတိုင်းထောက်လှမ်းရေးဌာနမှ ဗိုလ်မှူးကြီး ဂျီဟတ်တာယေနှင့် အခြားလုံခြုံရေးအရာရှိလေးဦးတို့ စီးနင်းလာသော မော်တော်ယာဉ်ကို အစောင့်အကြပ်များထူထပ်စွာ ချထားသည့် ဟာနီယာစခန်းအနီးတွင် ပိတ်ဆို့တိုက်ခိုက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အဆိုပါမော်တော်ယာဉ်ပေါ်မှ စစ်သွေးကြွများက လုံခြုံရေးအရာရှိ၏ မော်တော်ယာဉ်ကို ချောင်းမြောင်းပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပဲခူးတိုင်း၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်၍ဆုများချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၇

ပဲခူးတိုင်း ၂၀၀၆ ခုနှစ် တိုင်းအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ၁၀စုနှစ် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၈နာရီက တောင်ငူမြို့ ကေတုမတီရတနာမင်္ဂလာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်စဝ်နန်းခွန်ဆမ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာတိုင်းမှူးက အမှာစကားပြောကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ ၁၀စုနှစ် အထိမ်းအမှတ် ပဲခူးတိုင်း (တိုင်းအဆင့်)စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတို့တွင် ဆုရကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပဲခူးတိုင်း စာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ကျောင်းပြင်ပလှုပ်ရှားမှုမှတ်တမ်းများ၊ တိုင်းအဆင့် ဆုရစာစီစာကုံးနှင့် ပန်းချီ၊ ပိုစတာများကို ကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန် ၄က်တွင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိန္တိတအား တရားစခန်းအတွက် အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်းနေ ကိုဝဏ္ဏကို၊ ဇနီးမစိမ်းလဲ့ဆွေ (မြင့်သစ်စက်နှင့် သစ်ရောင်းဝယ်ရေး)မိသားစုကလည်းကောင်း၊ ကျုံးကျုံးကျကျေးရွာနေ ဦးသန်းလွင်မိသားစုတို့က ငွေကျပ်တစ်သိန်းကိုလည်းကောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ငြိမ်းလက်ခံရယူစဉ်။ (က–ပ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ စက်တင်ဘာ ၁၃ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့သည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲနှင့် ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဉာဏ်ဝင်းလည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ချီလီနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ချီလီသမ္မတနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီး ဆာ အယ်လ်ဂျန်ဒရို ဖေါက်စ်လေ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၆ ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒုတိယအကြိမ်မိဘဆရာအသင်း အစည်းအဝေးကို မြည်ီလာခံခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (ပညာရေး)

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး)၊ ရွှေပြည်ဟိန်း ဆေးခန်းအတွက် ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၂တိုးချဲ့ရပ်ကွက်၊ ခိုင်သဇင်လမ်းနေ (ဦးဘီရာ)–ဒေါ်ကျင်ဖန် မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (ဉဉ)

တွံတေး အရှင်ကုန္ဒကတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ကုန္ဒက(ဓမ္မကထိကဗဟုဇနဟိတဓရ)သည် ၁၃၆၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်မှ သီတင်းကျွတ်လဆန်း ၄ ရက်အထိ (စက်တင်ဘာ ၂၀ရက်မှ ၂၅ရက်အထိ) ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက် နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလ ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာတို့တွင် ငါးရက်တိုင်တိုင်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

ပညာထူးချွန်သူများအား ဂုဏ်ပြု ပညာသင်စရိတ် မတည်ငွေ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၇

မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ၂၀၀၅–၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ကြသူများ ဂုဏ်ပြုပွဲနှင့် ပညာသင်စရိတ် မတည်ငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ ရက်က ရပ်ကွက်လုံးဆိုင်ရာ စံပြပုသိမ်ညွန့် (၆)လမ်း သဒ္ဓမ္မဇျူဟာ ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို တက်ရောက်အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်မိုးသီဟအား ဂုဏ်ပြုဆုချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ ပညာသင်စရိတ် မတည်ငွေ ကျပ်တစ်သိန်း လှူဒါန်းသူ ပုသိမ်ညွန့်ရပ်ကွက်နေ အငြိမ်းစားပညာရေးမှူး ကျောင်းအုပ်ဆရာကြီး ဦးလှကျော်နှင့် ဇနီး ဒေါ်တင်ညွန့်ကျော်တို့က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားကာ ပညာသင်စရိတ် မတည်လှူဒါန်းငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။ ခြောက်ဘာသာဂုဏ်ထူးရ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရ ခုနစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁၅ ဦး စုစုပေါင်း ၂၉ ဦးတို့အား တာဝန်ရှိသူအသီးသီးမှ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ (၃၂)

ဆုချီးမြှင့်

ရန်ကုန်တိုင်း ကာယဗလ၊ ကာယအလှ ဆပ်ကော်မတီနှင့် Shine Hope Co., Ltdတို့ ပူးပေါင်းကျင်းပသော ၂၀၀၆ ခုနှစ် ရန်ကုန်တိုင်း ကာယဗလမောင် လူရွေးပွဲနှင့် မိုးဧကရီ ကာယအလှမယ်ပြိုင်ပွဲ၌ အကြီးတန်း ဒုတိယဆုရရှိသူ ငြိမ်းအိဖြူ(တာမွေမြို့နယ်)အား အမှုဆောင် ဒေါ်ကြည်ကြည်လွင် ဆုချီးမြှင့်စဉ်။ (အား/ကာ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၉–၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆင်ယင်ရိုးရာတို့မြန်မာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၃၅	ဖြူးချောင်းတံတား
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	လုပသစ်ဆန်းအလှပြင်ခန်း (မဥ္ဇူအလှပြုပြင်ရေး)
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	အောင်မြင်ကြီးပွားမွေးမြူရေးလုပ်ငန်းများ (အနောက်တောင်တိုင်းစစ်ဌာနချုပ်)
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	Music Gallery (ချစ်နေရရင်ပြီးတာပဲ)
၉း၃၀	မေ့ထားလို့တော့မဖြစ်ဘူး (နေအောင်၊ ထွန်းထွန်းဝင်း၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ ဇွန်ပွင့်)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	ဆီးချိုခြေထောက်ရောဂါ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	ဂီတသံစဉ်အလှဆင် (ခင်ယုမေ)
၁၁း၀၀	အောင်မြင်ကျော်ကြားမြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ခင်စောမျိုး)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၇

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်များဖြစ်ကြသော ဦးတင့်လွင်နှင့် ဦးဇော်တင့်တို့လည်း လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံတွင် ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးများ အစည်းအဝေး တက်ရောက်ရန် ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ရေလှောင်ကန်၊ ရေတွန်းစက်ရုံနှင့် ကလိုရင်းစက်ရုံတည်ဆောက်မှု ရေနုတ်မြောင်းများ ရှင်းလင်းမှုနှင့် စိုက်ပျိုးမွေးမြူမှုလုပ်ငန်းများ ကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၁၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများလိုက်ပါလျက် စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ်နန်းရှေ့ရေစစ်ကန်အနီး သဲရေစစ်ကန်၊ ရေဂါလန်ငါးသိန်းဆံ့ရေလှောင်ကန်၊ အမှတ်(၄)ရေတွန်းစက်ရုံနှင့် ကလိုရင်းစက်ရုံ တည်ဆောက်နေမှုလုပ်ငန်းများ၊ ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးကောလိပ်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် နန်းရှေ့ရေစစ်ကန်အနီး သဲရေစစ်ကန်၊ ရေဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန်၊ အမှတ်(၄) ရေတွန်းစက်ရုံနှင့် ကလိုရင်းစက်ရုံ တည်ဆောက်နေမှုလုပ်ငန်းသို့ ရောက်ရှိလာရာ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်နှင့် တာဝန်ခံအင်ဂျင်နီယာများက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းရေဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန် တည်ဆောက်မှုအဆင့်ဆင့်၊ အမှတ်(၄)ရေတွန်းစက်ရုံအတွင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကလိုရင်းစက်ရုံ တည်ဆောက်နေမှုအခြေအနေ၊ နန်းရှေ့ရေစစ်ကန်မှ သဲရေစစ်ကန်အဖြစ် လုပ်ငန်းဆောင်ရွက် နေမှုများကို လုပ်ငန်းကဏ္ဍအလိုက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများအလိုက်လုပ်ငန်းတိုးတက်မှုရှိစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ချိန်အမီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်သွားရေးတို့ကို ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအားမှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးကောလိပ်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့် မြောင်းစာနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁) အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ ဝက်မွေးမြူရေးခြံများတွင် ဝက်များမွေးမြူထားရှိမှုနှင့် ကြီးထွားမှုအခြေအနေများကို လည်းကောင်း၊ ရေတံခွန်တောင်ပေါ်မှ ရေတံခွန်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးကောလိပ်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဦးတည်ချက်

(၁) မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်

(၂) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရန်

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်

(၄) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်

(၅) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်

(၆) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်

(၇) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး သင်တန်းအမှတ်စဉ်(၃) ဆင်းပွဲအခမ်းအနားကိုစက်တင်ဘာ ၁၅ ရက် နံနက် ၈နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းအတတ်သင် သိပ္ပံသင်တန်းခန်းမဆောင်၌ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းထူးချွန်သူများအား ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ်(ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)
- ၄:၄၅ ၄။ အကပဒေသာ
- ၄:၅၅ ၅။ မြန်မာစာ၊ မြန်မာစကား
- ၅:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၂၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၃၅ ၈။ **“မျှော်သူမမောစေချင်” (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
- ၅:၄၅ ၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၉)**
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ခြင်းနှင့်အတူ”(အပိုင်း–၁)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စပိုင်ချစ်သူ” (အပိုင်း–၅)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးပိတ်ပွဲကျင်းပ

နေပြည်တော်　စက်တင်ဘာ　၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပိတ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်းတံတားအဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်စောထွန်းက ပြည်နယ်နှင့်တိုင်း အင်ဂျင်နီယာမှူးကြီးများ၊ စီမံကိန်းအင်ဂျင်နီယာမှူးကြီးများ အပါအဝင် အင်ဂျင်နီယာများ၊ ဝန်ထမ်းများအားလုံးသည် တာဝန်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ငွေစာရင်းပိုင်းဆိုင်ရာတို့ကို ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် အသေးစိတ်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပိတ်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက်က မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း အမှာစကားပြောကြားစဉ်။ (၁၀၇)

✳ နိုင်ငံအကျိုးမှ

နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးကိစ္စများလည်း ပါရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျန်ရှိနေသော အခန်းအချို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီက ရှင်းလင်းပြောကြားရန်များလည်း ရှိမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စများကို ဆောင်ရွက်ရာမှာ လုပ်ငန်းကော်မတီဝင်များအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူတစ်ရပ်လုံးအကျိုးရှေးရှုကာ ရေရှည်တည်တံ့ပြီး ခိုင်မာသည့် အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားသည်။

ဖြည့်စွက်ရှင်းလင်းပြောကြား

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းကော်မတီက ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးအကြံပြု

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက အကြံပြုရန်ရှိသည်များကို ဆွေးနွေးအကြံပြုကြပြီး သဘာပတိ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

● ရေအောက်မှ

ရှူသွင်းခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ရှူထုတ်ခြင်းတို့ ပြုလုပ်နိုင်ကြောင်း၊ ယင်းနည်းလမ်းအားလျော်စွာ ပိုးတောင်မာ သတ္တဝါများသည် ရေအောက်တွင် အသက်ရှင်သန်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပိုးတောင်မာသတ္တဝါသည် အင်းဆက်ပိုး တစ်မျိုးဖြစ်ပြီး ယင်း အင်းဆက်ပိုးနှင့် ဆက်နွယ်နေသည့် မျိုးစိတ်ပေါင်း အများအပြားရှိသည်။ အချို့သော ပိုးတောင်မာသတ္တဝါသည် အပင်ဖျက်ပိုးဖြစ်နိုင်သလို အချို့သော ပိုးတောင်မာ သတ္တဝါမှာမူ အပင်ဖျက်အင်းဆက်ပိုးအချို့ကို သတ်ဖြတ်စားသောက်ခြင်းဖြင့် လူတို့ကို အကျိုးပြုသည်။ **အင်တာနက်။**

ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မွေးမြူရေးဇုန်ဖော်ထုတ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　စက်တင်ဘာ　၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ မွေးမြူရေးဇုန်လမ်းမကြီးများ ဖောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန် ကွပ်ကဲရေးရုံး တည်ဆောက်နေမှုများကို လည်းကောင်း၊ မွေးမြူရေးဇုန်အမှတ်(၁) သပြေကုန်းကျေးရွာအုပ်စု နယ်မြေပိုင်းခြားသတ်မှတ်ထားသော ကျောက်တိုင်ကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)၏ နို့စားမွေးမြူရေးခြံ တည်ဆောက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆောင်ရွက်သွားမည်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် နေပြည်တော်နှင့် အနီးတစ်ဝိုက်ရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပြီး မွေးမြူရေးဇုန်များကို တည်ထောင်ကာ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်လည်းကောင်း၊ ဒေသခံပြည်သူများ အသားစားသုံးမှု ဖူလုံစေရန်အတွက်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန်　စက်တင်ဘာ　၁၇

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန် (မော်လမြိုင်) ရာမည အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး (ခ)အုပ်စု နတခဇုန်(ပုသိမ်) ဧရာဝတီတိုင်း အားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ကာ (ဂ)အုပ်စု နမခဇုန်(မုံရွာ) နမခ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ) တပခအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း ကလေးငယ်များအား ဗီတာမင်(အေ) ဆေးတိုက်ကျွေးစဉ်။ (ပြန်/ဆက်)

❍ NLD မှ

၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နေပြည်တော်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲနှင့် ဟသ်ာတမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သော ပါတီဝင် ၂၀တို့၏ နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်သဖြင့် ပါတီအပေါ် ယုံကြည်သက်ဝင်မှု မရှိတော့ခြင်း၊ စိတ်ပါဝင်စားမှု မရှိတော့ခြင်း တို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

❒ အာရုံစေစားမှုမှ

သိပ္ပံပညာရှင်များသည် လွန်ခဲ့သည့် လေးနှစ်က လက်နှစ်ဖက်စလုံး ပြတ်နေသူတစ်ဦးကို စက်ရုပ်လက်မောင်းတု တပ်ဆင်ပေးခဲ့သော်လည်း ထူးထူးခြားခြား စွမ်းဆောင်နိုင်ခြင်း မရှိကြောင်း၊ သို့ရာတွင် ယခု တပ်ဆင်ပေးလိုက်သော စက်ရုပ်လက်မောင်းတုမှာမူ နည်းပညာအရ များစွာတိုးတက်မှုရှိပြီး တပ်ဆင်ထားသူ၏ စိတ်အာရုံစေစားမှုဖြင့် လှုပ်ရှားနိုင်ကြောင်း ပြန်လည်ထူထောင်ရေးသိပ္ပံက ပြောကြားသည်။

အင်တာနက်။

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။ လမ်းလျှောက်ခြင်းသည်–

၁။ သွေးတိုးကျစေသည်။
၂။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။
၃။ အရိုးများကြံ့ခိုင်သန်စွမ်းစေသည်။
၄။ အဝမလွန်အောင်ထိန်းသိမ်းနိုင်သည်။
၅။ ကြွက်သားများသန်စွမ်းဖျတ်လတ်သည်။
၆။ သွေးအတွင်းမှ အဆီကျစေသည်။
၇။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၈။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။

ရောဂါဘယကင်းစင်၍ သက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန် လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဧည့်ပရိသတ်များ သဃ်ၤန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်၂၉တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မနန္ဒထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊လေ)မှ တပ်မတော်အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ စန္ဒီပရဆေးမိသားစု၊ OK ဆန်ပွဲရုံ၊ သဃ်ၤန်းကျွန်းမြို့နယ် ဆီကုန်သည်များအသင်း၊ PP တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ညွှန့်ညွှန့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ သဃ်ၤန်းကျွန်းမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများ၊ သဃ်ၤန်းကျွန်းမြို့နယ် ဆီကုန်သည်များအသင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ ခနေအောင်ကုမ္ပဏီလီမိတက်နှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် ၃၇၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၇၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ်နှစ်သိန်း၊ ဦးထင်အောင်ကျော်–ဒေါ်အေးအေးမူ မိသားစု(တာမွေ)၊ ဒေါ်မြသန်းနှင့် မိသားစု(ဆယ်သိန်းရပ်ကွက်)၊ ဦးလှစိုးထွန်း–ဒေါ်မြင့်မြင့်ရွှေ(တာမွေ)၊ ဦးဇော်ဟန် – မမိုးသီတာ မိသားစု (တောင်ဥက္ကလာပ)၊ ဦးစော–ဒေါ်ရီ မိသားစု (တောင်ဥက္ကလာပ) နှင့် ဒေါ်ဖွားခင်(ဆ/က–ရပ်ကွက်၊သဃ်ၤန်းကျွန်း)တို့က ငွေကျပ် ၂၅သိန်းစီ၊ ဦးသက်–ဒေါ်တိုး မိသားစု(တာမွေ)က ငွေကျပ် ၂၂၀၅၀၀၀၊ ဦးခင်မောင်သိန်း–ဒေါ်အုန်းရှိန်၊ ဦးဝင်းနိုင်–ဒေါ်ခင်ခင်ယုံ (တောင်ဥက္ကလာပ) တို့က ငွေကျပ် ၁၅သိန်းစီ၊ ဦးစောစံ–ဒေါ်ဝင်းကြည်က ငွေကျပ် ၁၂သိန်း၊ ဦးအောင်မြင့်–ဒေါ်တင်လှိုင်၊ ဒေါ်ယဉ်ယဉ်မြင့်၊ ကိုညီညီ–မရတနာနှင့် ဦးရန်နိုင်–ဒေါ်မမလေး(ကမာရွတ်)တို့က ငွေကျပ်၁၀သိန်းစီ၊ ဦးမောင်စိန်(ရန်မျိုးအောင် ဘုရားကြီးကျောင်း အကျိုးတော်ဆောင်အဖွဲ့)က ငွေကျပ် ၉၂၀၀၀၀၊ ဦးအောင်စိန်(ဂူစုန်းပဲငံပြာရည်လုပ်ငန်း)က ငွေကျပ် ၅၀၄၀၀၀၊ ဦးအောင်နိုင်ထွန်း(Eagle Garden)၊ ဦးကျော်ကျော်နိုင် – ဒေါ်သဇင်ညွန့် (Smart Technical Service)နှင့် ဦးဝင်းမြင့် (UMFCCI)တို့က ငွေကျပ် ငါးသိန်းစီ၊ မြို့နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များက ငွေကျပ် ၄၅၄၀၀၀၊ ဦးအောင်တင်စိုး (ဇ/မြောက်ရပ်ကွက်) က ငွေကျပ် ၄၁၀၀၀၀၊(ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး) မိသားစုက ငွေကျပ် ၃၀၃၀၀၀၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး (ကျားကိုကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များက ငွေကျပ်၃၂၉၀၀၀၊ ဦးချစ်မွှေး–ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)၊ ဦးကျော်နိုင်ဦး(နိုင်ဂရုပ် ဆောက်လုပ်ရေး)၊ ဦးကျော်ဝင်း–ဒေါ်ခင်ဆွေဦးနှင့် ဦးရဲဝင်း(ရွှေငွေ မော်တော်ယာဉ်ထုတ်လုပ်ရေး)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးဆန်းဝင်း–ဒေါ်သန္တာမိသားစု(ဇောတိကအိမ်ရာ)က ငွေကျပ် ၂၅၉၀၀၀၊ အိုလံပစ် ဆောက်လုပ်ရေးနှင့် ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါလ်)တို့က ငွေကျပ် ၂၅၀၀၀၀စီ၊ မြို့နယ်အတွင်းရှိ ကားပစ္စည်းဆိုင်နှင့် ဘော်ဒီရုံလုပ်ငန်းရှင်များက ငွေကျပ် ၂၃၈၀၀၀၊ မြို့နယ်အတွင်းရှိ ဆွမ်းလောင်းအသင်းနှင့် ဓမ္မာရုံများက ငွေကျပ် ၂၂၀၀၀၀၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၂၁၉၆၀၀၊ မြို့နယ်အတွင်းရှိ တည်းခိုခန်းလုပ်ငန်းရှင်များက ငွေကျပ် ၂၀၅၀၀၀၊ မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့KN ကုမ္ပဏီ)၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွှန့်(BTB–ကုမ္ပဏီ)၊ ဦးသက်ဇော်–ဒေါ်ထားထားနွယ်နှင့် ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း (ခနေအောင်ကုမ္ပဏီ) တို့က ငွေကျပ်နှစ်သိန်းစီ၊ သဃ်ၤန်းကျွန်းဈေး ရွှေဆိုင်များက ငွေကျပ် ၁၅၄၀၀၀၊ ဦးထွန်းမိုး–ဒေါ်သူဇာဝင်း မိသားစု (၁၆/၁ ရပ်ကွက်)နှင့် မြို့နယ်အတွင်းရှိ သစ်လုပ်ငန်းရှင်များက ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးတင်လှ (Camel–ကုမ္ပဏီ) က ငွေကျပ် ၁၁၀၀၀၀၊ မြို့နယ်ပညာရေးဝန်ထမ်းမိသားစုက ငွေကျပ် ၁၂၇၂၄၀ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယက ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသုန္ဒရထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သဃ်ၤန်းကျွန်းမြို့နယ် ပညာရေးမိသားစု ဝတ်အဖွဲ့က အရပ် ၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သဃ်ၤန်းကျွန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၇၀၄အိတ်၊ ဆီ ၃၅၁ပိဿာ ၂၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၃၁၁၂ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၂၀၄၄ ဘူး၊ ပဲ ၆၂၂ပိဿာ ၄၀ကျပ်သား၊ သွားတိုက်ဆားဘူး၆၂၂ ဘူး၊ဆပ်ပြာ ၃၁၁၂ တောင့်နှင့်ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၃၇၄၆၂၈၄၀ ဖြစ်သည်။

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင်လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကိုယနေ့ညနေ ၃နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ပရိယတ္တိ အလယ်တိုက်ကျောင်း၌ ကျင်းပရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ကျောင်းတို့မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့်ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ အာရှကြီးပွားတိုးတက်ရေး သွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီ၊ စန္ဒီပရဆေးမိသားစု၊ OK ဆန်ပွဲရုံ၊ ရခိုင်ကြီးဆေးတိုက်၊ သီရိကုဋေကြွယ်ကုမ္ပဏီ၊ ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ အနောက်ပိုင်းခရိုင်နှင့် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီ၊ ရွှေပဲဆီသန့်မိသားစု၊ လူပျံတော်ပတ္တမြားမိသားစု၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် ၁၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ လမ်းမတော်မြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၁၆၃၈၀၀၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ UMFCCI)နှင့် High Tech Concrete တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးဝင်းသိန်းမိသားစု (ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီ)ကငွေကျပ်သုံးသိန်း၊ ဘုန်းကြီးလမ်းသံဃာ့ဒါန ဆွမ်းလောင်းအသင်း၊ လမ်းမတော်မြို့နယ် စားအုန်းဆီကိုယ်စားလှယ်များက ငွေကျပ် နှစ်သိန်းစီ၊ လမ်းမတော်မြို့နယ် အတွင်းရှိ ပြည်သူများက ငွေကျပ် ၇၁၄၅၀၀၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီမိသားစု(ရွှေပုစွန်မိသားစု)က ငွေကျပ် ၁၅၀၀၀၀၊ လမ်းမတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၂၀၀၀၀၊ ညောင်ပင်လေးဈေး (အေ၊ဘီ၊စီ)ဆောင် အိမ်ခန်းများက ငွေကျပ် ၁၁၁၇၅၀၊ ဦးသိန်းဝင်းဇော်–ဒေါ်တင်လတ်မင်းမိသားစု (ရွှေဗျိုင်းဖြူကုမ္ပဏီ)၊ Golden Flower Co, Ltd.၊ ဒေါ်မျိုးမျိုးလွင် (အိုက်မေအလှန်ကုန်)နှင့် ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)တို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတထံမှ ပရိသတ်များက ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ် ၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းမတော်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၄၃အိတ် ၁၂ပြည်၊ ဆီ ၁၁၉ ပိဿာ ၂၀ကျပ်သား၊ ပဲ ၁၂၃ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၆၅၇ ပိဿာ ၅၀ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၉၆၀၊ သွားတိုက်ဆား ၁၂၃ဘူး၊ ဆပ်ပြာ ၇၅၂တောင့်၊ ဆွမ်းပဒေသာပင်အလှူငွေကျပ် ၆၂၀၃၀၅၀ နှင့် ပရိယတ္တိ အလယ်တိုက်ကျောင်း ပြုပြင်ရန်အတွက် အလှူငွေကျပ် ၈၀၃၀၀၀ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာနိုင်ငံမှ အထူးလေ့လာသူကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ စက်တင်ဘာ ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံ ပါလီမန်များအဖွဲ့ (အိုင်ပို)လုပ်ငန်းကော်မတီနှင့် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး အဖွဲ့ဝင်အဖြစ် ပါဝင်သည့် မြန်မာနိုင်ငံမှ အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ မြန်မာနိုင်ငံမှ အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်နှင့်ရှေ့နေချုပ်ရုံးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။(သတင်းစဉ်)

ပြန်လည်ရောက်ရှိ

ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အဖွဲ့(အိုင်ပို) လုပ်ငန်းကော်မတီနှင့် အထွေထွေ ညီလာခံသို့ တက်ရောက်ခဲ့ကြသော အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်နှင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်နှင့်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ် (သတင်းစဉ်)

ယနေ့မိုးလေဝသ

(၁၈–၉–၂၀၀၆)

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။



မြစ်ဝကျွန်းပေါ်ဒေသများတွင်မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၁၇

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအား နည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

စက်တင်ဘာ ၁၇ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၈ ဒီဂရီဖာရင်ဟိုက်) **၁၆–၉–၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၇၄ ဒီဂရီဖာရင်ဟိုက်) **၁၇–၉–၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း **၁၇–၉–၂၀၀၆**

နေပူသည့်နာရီပေါင်း ၀ ဒသမ ၄ နာရီခန့် **၁၆–၉–၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၇–၉–၂၀၀၆	၀.၇၈လက်မ	၀.၅၁လက်မ	၀.၄၇လက်မ
၁–၁–၂၀၀၆ရက်မှ			
ယနေ့အထိ	၈၅.၉၄ လက်မ	၉၇.၂၄ လက်မ	၁၀၂.၀၁ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆–၉–၂၀၀၆ရက် ညနေ ၃ နာရီခွဲအချိန်တွင် တောင်ဘက်မှ တစ်နာရီခြောက်မိုင်နှုန်းတိုက်ခတ်သည်။

ဗီတာမင်(အေ)ဆေး တိုက်ကျွေး

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားဆေး၊ ကြက်ဥနှင့် အိုင်အိုဒင်းဆား ထောက်ပံ့ခြင်းနှင့် ငါးနှစ်အောက်ကလေးများအား ဗီတာမင်(အေ)ဆေး တိုက်ကျွေးခြင်း အခမ်းအနားကို မြို့နယ်အသင်းရုံး၌ စက်တင်ဘာ ၁၃ရက်က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် (၅)နှစ်အောက် ကလေးများအား ဗီတာမင်(အေ)ဆေး တိုက်ကျွေးစဉ်။ (မိခင်/ကလေး)

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်) အလှူငွေပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်အောင်မြို့ပေါ်ရှိ ဘုရားများထိန်းသိမ်းခြင်း၊ သံဃာများနှင့် သီလရှင်များအား ဝါတွင်းဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပရိယတ္တိစာပြန်ပွဲများ ကျင်းပခြင်းတို့အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော မြန်အောင်မြို့နယ် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်ရာ ဦးအေးကိုကို ဖုန်း–၅၆၆၆၈၇၊ ဒုတိယဗိုလ်မှူးကြီးသန်းအောင် ဖုန်း–၂၉၇၅၄၀၊ ဦးစိုးဝင်း ဖုန်း –၅၆၆၅၄၆ နှင့် ဦးလှမြင့် ဖုန်း–၇၀၄၄၆၁ တို့ထံ အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁) ဗိုလ်တထောင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ဗိုလ်တထောင်မြို့နယ် အထက(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် အထက(၁) ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါက်တာဦးထွန်းအောင်ဇံတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မိဘဆရာအသင်း အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပညာရည်ချွန်ဆုများကို ချီးမြှင့်ရာ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒေါက်တာဦးထွန်းအောင်ဇံနှင့် ရပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်သန်းနုတို့က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မဇာဇာဖြိုးနှင့် မကေဇင်ငြိမ်းတို့အား လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှသိန်း၊ ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)နှင့် တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးနှင့် အတန်းလိုက် ပညာရည်ချွန်ဆုရသူများ၊ ခွင့်ရက်ပျက်မရှိ ဆရာ၊ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။ (ကြေးမုံ)

ဗိုလ်တထောင်မြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မကေဇင်ငြိမ်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

မန္တလေးမြို့မဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနေ ဦးမောင်လွမ်း–ဒေါ်စမ်းကြူ၊ သမီး သင်းသင်းလှိုင်၊ ဖြူဖြူသွယ် မိသားစုက အလှူငွေကျပ်၃၀၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ ရှေ့မှောက်၌ အမှုဆောင် ဒေါ်အေးအေးသန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ ဥက္ကလာပစေတီတော်ကြီး၏ ပန်းတင်ခုံသံပန်းကာရန် မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၈) လမ်းနေ ဦးအေးသန့်၊ ဒေါ်ရှုဆွန် မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀ ကို ဩဝါဒါစရိယ (ပျော်ဘွယ်) ဆရာတော် ဦးနရိန္ဒထံမှ ရေစက်ချ အနုမောဒနာတရား နာယူပြီး ဂေါပကအဖွဲ့ဝင် ဦးသိန်းညိုထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် တန်ဖိုးနည်း အာဟာရပြည့်လက်တွေ့ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၇

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ မဟာအောင်မြေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် တန်ဖိုးနည်းအာဟာရပြည့် လက်တွေ့ချက်ပြုတ် သရုပ်ပြပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၁၁နာရီတွင် မဟာအောင်မြေမြို့နယ် ဇီဝသုခ သားဖွားခန်း(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ပြိုင်ပွဲဝင်အဖွဲ့ခုနစ်ဖွဲ့တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အဖွဲ့များ၏ တန်ဖိုးနည်း အာဟာရပြည့် ချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များနှင့် နှစ်သိမ့်ဆုရရှိသည့်အဖွဲ့များကို ဆုများပေးအပ် ချီးမြှင့်သည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုလွင်က အကဲဖြတ် အမှတ်ပေးဒိုင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားအပြီးတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ဇီဝသုခ သားဖွားခန်းတွင် တက်ရောက်မွေးဖွားသော မိခင်ငါးဦးကို ထောက်ပံ့ငွေ၊ အိုင်အိုဒင်းဆားနှင့် အင်အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ၂၀၀၆ ခုနှစ် မိုးရာသီ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဩဂုတ် ၁၈ရက်က မြဝတီ မြို့မ အားကစားကွင်း၌ ကျင်းပရာ (၄)ရပ်ကွက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသော ရွှေကုက္ကိုဘောလုံးအသင်းအား မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော် သုံးနှစ်ပိုင်ဒိုင်း ချီးမြှင့်စဉ်။ (၃၉၅)

တိုက်စစ်မှူး ဒရော့ဘာ၏ ဂိုးဖြင့် ချယ်လ်ဆီးအသင်း အနိုင်ရ

ပြည်ပအားကစား သတင်းများ

လန်ဒန် စက်တင်ဘာ ၁၇

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့က ကျင်းပရာတွင် ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ရှေ့ထား

စတမ်းဖို့ဒ်ဘရစ်ဂျ် ကွင်းတွင် ချယ်လ်ဆီးအသင်း အနိုင်ရရှိခြင်းဖြင့် ပြိုင်ဘက် လီဗာပူးအသင်းနှင့် အမှတ်ကွာခြားချက်ကို ရှစ်မှတ်အထိ မြှင့်တင်လိုက်နိုင်သည်။ ချယ်လ်ဆီးအသင်းသည် ယခုအခါ ငါးပွဲကစား ၁၂မှတ် ရရှိထားပြီဖြစ်သည်။

ယခုပွဲတွင် မိုက်ကယ်ဘောလက် ထုတ်ပယ်ခံခဲ့ရသော်လည်းဒစ်ဒါဒရော့ဘာ၏ဂိုးဖြင့် ချယ်လ်ဆီးအသင်း အမှတ် သုံးမှတ် ရယူနိုင်သည်။

ပွဲချိန် ၄၂ မိနစ်တွင် အိုင်ဗရီကို့စ်လူမျိုး တိုက်စစ်မှူး ဒရော့ဘာက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးခဲ့သည်။

အနီကတ်

ပွဲချိန်၅၁မိနစ်တွင် လီဗာပူးအသင်းမှ ဘောလုံးသမားတစ်ဦးကို ခြေဖြင့်တက်နင်းမှုဖြင့် ဘောလက် အနီကတ်ပြခံရကာ ထုတ်ပယ်ခံခဲ့ရသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သူ ဘောလက်သည် ချယ်လ်ဆီးအသင်း၌ ယခုနှစ်ဘောလုံးရာသီတွင်မှ ပါဝင်လာခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းတွင် ငါးပွဲမြောက်ကစားခြင်းဖြစ်သည်။

အင်တာနက်။

ဘောလုံးယှဉ်လု

စက်တင်ဘာ ၁၇ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ မိုက်ကယ်အက်ဆီယန်(ယာ)နှင့် လီဗာပူးအသင်းမှ စတီဗင်ဂျရတ်တို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ထိပ်တန်းအသင်းများ ရှုံးနိမ့်

ဘာလင် စက်တင်ဘာ ၁၇

ဂျာမနီ ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပရာတွင် လွန်ခဲ့သည့်နှစ် ဘောလုံးရာသီ၌ ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သော ဘေယန်မြူးနစ်အသင်း၊ ဝါဒါဘရီမင်အသင်းနှင့် အက်စ်ဗွီဟမ်းဘတ်ဂ်အသင်း သုံးသင်းစလုံး ရှုံးပွဲများနှင့် တွေ့ကြုံရကြောင်း စက်တင်ဘာ ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

စက်တင်ဘာ ၁၆ရက်က ကျင်းပခဲ့သော ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲတွင် ဘေယန်မြူးနစ်အသင်းမှ ပါရာဂွေးလူမျိုး တိုက်စစ်မှူး ဆန်တာခရုဇ်(ဝဲ)နှင့် ဘီလီဖီးအသင်းမှ နောက်တန်းလူ ဘိုးလ်မင်းတို့အား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လက်ရှိချန်ပီယံ ဘေယန်မြူးနစ်အသင်းသည် မကြာသေးမီရက်ပိုင်းအတွင်း ကျင်းပခဲ့သည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် စပါးတက်မော်စကိုအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့လင့်ကစား စက်တင်ဘာ ၁၆ ရက်က အာမင်နီယာဘီလီဖီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌မူ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်သည်။

ဝါဒါဘရီမင်အသင်းသည် ဂျာမနီနိုင်ငံမြောက်ပိုင်း ဘရီမင်မြို့ရှိ ဝက်ဆာအားကစားကွင်းတွင် စတုဂတ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်သည်။

ရှုံးနိမ့်

အလားတူပင် ဟမ်းဘတ်ဂ်အသင်းမှာလည်း ဂျာမနီနိုင်ငံ ဒေါ့တ်မွန်မြို့ရှိ ဆစ်ဂနယ်လ်အီဒူနာပါ့ခ် ဘောလုံးကွင်းတွင် ဒေါ့တ်မွန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အင်တာနက်။

အိုဝင်ဟားဂရေ့ဗ် ထိခိုက်ဒဏ်ရာရ

မြူးနစ် စက်တင်ဘာ ၁၇

ဘေယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်သည် စက်တင်ဘာ ၁၆ရက်က အာမင်နီယာဘီလီဖီးအသင်းနှင့် ယှဉ်ပြိုင်ကစားသော ပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူရမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ယှဉ်ပြိုင်ရမည်

အင်္ဂလန်လက်ရွေးစင်ဘောလုံးသမားလည်းဖြစ်သူ အိုဝင်ဟားဂရေ့ဗ်သည် ခြေထောက်ကျိုးသည့် ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် ယူအီးအက်ဖ်အေ ဥရောပချန်ပီယံတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ၏ အုပ်စုပွဲနှစ်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်မရှိပေ။ အင်္ဂလန်အသင်းသည် အုပ်စု(င)တွင် ပါဝင်ပြီး မက်ဆီဒိုးနီးယား၊ ခရိုအေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဟားဂရေ့ဗ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသော်လည်း ယင်းအသင်း၏ကမ်းလှမ်းချက်ကို ဘေယန်မြူးနစ်အသင်းက ပယ်ချခဲ့သည်။ ***အင်တာနက်။***

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲရလဒ်များ

လန်ဒန် စက်တင်ဘာ ၁၇

စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ချယ်လ်ဆီး	(၁–၀)	လီဗာပူး
ဘလက်ဘန်း	(၄–၂)	မန်စီးတီး
တော့တင်ဟမ်	(၀–၀)	ဖူလ်ဟမ်
ဝက်စ်ဟမ်း	(၀–၂)	နယူးကာဆယ်
မန်ယူ	(၀–၁)	အာဆင်နယ်

အင်တာနက်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများအားအမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနေ ဦးကျော်ရှင်း-ဒေါ်ခင်စောမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးကုသလ(M.A)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် ရန်ကုန်မြို့သုဝဏ္ဏ(၂၅)ရပ်ကွက် ကသစ်မြိုင်လမ်းနေ မိဘနှစ်ပါးဖြစ်ကြသော ဦးကြည်ထွန်း-ဒေါ်ခင်စိန်တို့အားအမှူးထား၍ သား ဦးကြည်တင်-ဒေါက်တာကြည်လှိုင်၊ သမီး ဒေါ်မြင့်မြင့်ကြည်၊ဒေါ်ထွေးထွေးကြည်မိသားစုက အလှူငွေကျပ် ၁၃၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိနယ(ဝံသမေဒနီစာသင်တိုက်)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးသို့ လာရောက်ဆက်သွယ်၍ အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားရာတွင်ကြိုတင်တင်ပြရန်လိုအပ်မည့်အချက်များအားလျှောက်ထားသူကာယကံရှင်များသိစေရန်အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

အိမ်ထောင်စုစာရင်းမှ သေဆုံးသူ၏ အမည်စာရင်းပယ်ဖျက်လျှင် ပါရှိရမည့် စာရွက်စာတမ်းများ

၁။ သက်ဆိုင်ရာ အိမ်ထောင်ဦးစီး(သို့မဟုတ်) အိမ်ထောင်စုဝင် တစ်ဦးမှ ကိုယ်တိုင် လာရောက်လျှောက်ထားရမည်။
၂။ သေဆုံးကြောင်း ပုံစံ ထေ ၂(က)(သို့မဟုတ်) သေဆုံးကြောင်း လက်မှတ်မူရင်း၊ မိတ္တူပါရမည်။
၃။ တိုင်ကြားသူနှင့် သေဆုံးသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူ ပါရှိရမည်။
၄။ ရပ်ကွက်အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်။

အိမ်ထောင်စုတစ်ခုမှ သီးခြားအိမ်ထောင်စု ခွဲထွက်လိုလျှင်ပါရှိရမည့်စာရွက်စာတမ်းများ

၁။ ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထားရမည်။
၂။ အိုးခွဲ၊ အခန်းခွဲ၊ ခေါင်ခွဲ၊ စီးပွားခွဲ စသည့် ခွဲ(၄)ခွဲနှင့် ညီညွတ်ရမည်။
၃။ အိမ်ထောင်ဦးစီး၏ သဘောတူ ဝန်ခံချက်ပါရှိရမည်။
၄။ လျှောက်ထားသူနှင့် အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူ ပါရှိရမည်။
၅။ ရပ်ကွက်အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်။

ကျိုက်မရောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၁၁ရက်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဟင်္သာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးဌေးမြင့်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံ၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အသင်းဝင်များနှင့် သွေးလှူရှင်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။(**ယာပုံ**)

ယင်းနောက် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ်ပြည်ထောင်စု

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှထွန်းက အမှာစကား ပြောကြား၍ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ကဏ္ဍအလိုက်ဖတ်ကြားတင်ပြကြကာ သဘာပတိက နိဂုံးချုပ် အမှာ စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Lolane Hair & Skin Care Beauty Centre (3)ဖွင့်ပွဲတွင် ဒါရိုက်တာ ဦးစိန်ဝင်းနှင့်တာဝန်ရှိသူများ ဆိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လိုလိမ်း (၃)ဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

Grand Wynn Enterprises Ltd. က တတိယမြောက် Lolane Hair & Skin Care Beauty Centre (3) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Excel Treasure Shopping Mall၌ ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းကိုယ်စား ဒါရိုက်တာ ဦးစိန်ဝင်းက ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးအယ်လ်လမိန်းဒိန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဈေးကွက်မန်နေဂျာ ဦးမိုးသူဆွေက ဆိုင်ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံမှ ဆံကေသာ အလှပညာရှင်များက ဆံကေသာ ပုံပြင်ခြင်းနှင့် သုံးစွဲနည်းများကို သရုပ်ဖော်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် လိုလိမ်းအလှကုန်ပစ္စည်းများကို အထူးနှုန်းဖြင့် ရောင်းချပေးသွားမည့် အပြင် စက်တင်ဘာ ၁၆ရက်မှ အောက်တိုဘာ ၁၅ရက်အထိ ငွေကျပ် ၅၀၀၀ဖိုးဝယ်ယူသူတိုင်းအား အခမဲ့ဆံပင်ညှပ်ခြင်း၊ ငွေကျပ် ၂၀၀၀၀ဖိုးအထက် ဝယ်ယူသူတိုင်းအား လိုလိမ်းချစ်သူ အဖြစ် သတ်မှတ်ကာ Lolane Member Card (SILVER) ဖြင့် ဆံပင်ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ပေါင်းတင်ခြင်းများအနက်မှ ကြိုက်နှစ်သက်ရာကို ခြောက်ကြိမ် အခမဲ့ဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

နေ့စဉ် နံနက် ၁၀နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး Lolane Hair & Skin Care ကို ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် Grand Wynn Enterprises Ltd. အမှတ်(၄၀)(၆၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊၂၉၁၃၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် အဖွဲ့ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၇

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊အမှတ်(၁၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက်ကိုရီးယားခရီးသွားဆောင်းပါး 'ဒိုင်းနမစ်ကိုရီးယား'၊ အသက်လေးနှစ်အရွယ်ကလေး ဘာသာစကားသုံးမျိုးတတ်၊ ရေကူးနှင့်ကွန်ပျူတာလည်းကျွမ်းကျင်၊ တိုင်းရင်းသားလူမျိုးစု ရှစ်စု၏ ရိုးရာဓလေ့ပွဲတော်များ ပါပြတိုက် တိုင်းရင်းသားကျေးရွာတွင် ပွင့်လင်းရာသီအမီ ဖွင့်လှစ်မည်၊ မြန်မာ-တောင်ကိုရီးယား နှစ်နိုင်ငံအကြား လွတ်လပ်စွာလေကြောင်းပျံသန်းရေး လက်မှတ်ရေးထိုး စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ချန်ပီယံလိဂ်မှာဘယ်သူဗိုလ်စွဲမလဲ' အားကစားဆောင်းပါးနှင့်အတူ ဆင်ဟွာသတင်း အေဂျင်စီက တရုတ်နိုင်ငံအတွင်း ပြည်ပသတင်းအေဂျင်စီများ အတွက် လုပ်ထုံးစည်းကမ်း သစ်များထုတ်ပြန်၊ သမီးကလေးအဖြစ်ကွယ်လွန်သူသားကြီး ဝင်စားလေသလား၊ ထိုင်းနိုင်ငံ အိမ်ရှင်မများ အိပ်ချ်အိုင်ဗွီ စွဲကပ်ခံရမှု တိုးပွားလာနေ၊ အဏုမြူစွမ်းအင်စက်ရုံ ရှေ့ ၁၀နှစ်အတွင်း တည်ဆောက်ရေး ဗီယက်နမ်စီစဉ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ကျန်းမာရေးနှင့်ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ပညာရည်ချွန်ဆုချီးမြှင့်ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက်က အထက(၂) တာမွေ၌ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အသင်းဝင် မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင် ဆုချီးမြှင့်စဉ်။ (ဝ၈)

မြင်းခြံမြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၇

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)မှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော ရန်ကုန်ရောက်မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သဖြင့် ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း- ဖုန်း- ၆၉၉၇၉၁နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉တို့ထံ ဆက်သွယ်အကြောင်းကြားရန် နှိုးဆော်ထားသည်။ (က-ပ)

မီးသုံးစွဲလျှင်
အသိယှဉ်
ဆင်ခြင်သတိ
အမြဲရှိ

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာ တင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	**အင်္ဂလိပ်စာ**	**၀၉၀၀**	**နာရီမှ**	**၁၁၀၀**	**နာရီအထိ။**
(၂)	**ဇီဝဗေဒ**	**၁၃၀၀**	**နာရီမှ**	**၁၅၀၀**	**နာရီအထိ။**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	**အင်္ဂလိပ်စာ**	**၀၉၀၀**	**နာရီမှ**	**၁၁၀၀**	**နာရီအထိ။**
(၂)	**သင်္ချာ**	**၁၃၀၀**	**နာရီမှ**	**၁၅၀၀**	**နာရီအထိ။**

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁)	**အင်္ဂလိပ်စာ**	**၀၉၀၀**	**နာရီမှ**	**၁၁၀၀**	**နာရီအထိ။**
(၂)	**သင်္ချာ**	**၁၃၀၀**	**နာရီမှ**	**၁၅၀၀**	**နာရီအထိ။**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါ နေရာများတွင်ဖြေဆိုရမည်-

(က) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ခ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** သံလွင်ခန်းမ။
(င) **မော်လမြိုင်မြို့** ရွှေနတ်တောင် တပ်မတော် အထက။
(စ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်အားကစားခန်းမ။
(ဆ) **စစ်တွေမြို့** ဗန္ဓုလခန်းမ။
(ဇ) **မုံရွာမြို့** အထက(၂)အလုံ၊ တပ်မတော်ကျောင်း။
(ဈ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ည) **ရန်ကုန်မြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၃၀၀) အထိ၊ အထက (၂)၊ မင်္ဂလာဒုံ။
(ခခ) ခုံအမှတ် (၁၃၀၁) မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း။
(၂) **တပ်မတော် ဆေးတက္ကသိုလ်** ဗိုလ်လောင်းအတွက်- အထက (၂)၊ မင်္ဂလာဒုံ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းအတွက်- အထက (၂)၊ မင်္ဂလာဒုံ။
(ဋ) **ပုသိမ်မြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၂၅၀) အထိ- တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ။
(ခခ) ခုံအမှတ် (၂၅၁) မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။
(၂) **တပ်မတော် ဆေးတက္ကသိုလ်** ဗိုလ်လောင်းအတွက်- တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းအတွက်- တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ။
(ဌ) **မန္တလေးမြို့**
(၁) **စစ်တက္ကသိုလ်** ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ် (၁) မှ (၁၄၀၀)အထိ- အထက (၁၈)၊ နန်းတွင်း။
(ခခ) ခုံအမှတ် (၁၄၀၁) မှ (၁၉၃၀)အထိ- အမက (၆)၊ နန်းတွင်း။
(ဂဂ) ခုံအမှတ် (၁၉၃၁) မှ (၂၁၈၂)အထိ- အမက (၅)၊ နန်းတွင်း။
(ဃဃ) ခုံအမှတ် (၂၁၈၃) မှ နောက်ပိုင်း- တပ်နယ်ခန်းမ။
(၂) **တပ်မတော် ဆေးတက္ကသိုလ်** ဗိုလ်လောင်းများအတွက်- အထက (၁၈)၊ နန်းတွင်း။
(၃) **တပ်မတော်နည်းပညာတက္ကသိုလ်** ဗိုလ်လောင်းများအတွက်- အထက (၁၈)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင်ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန်အတည်ပြု ရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့် ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်း ယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်း မရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

သင်္ဃန်းကျွန်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားပရိဝုဏ်ရှိ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၉ တိုက်မှ ပဓာနနာယက ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များနှင့် သီလရှင်စာသင်တိုက်ရှစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLDပါတီအပေါ် ယုံကြည်သက်ဝင်မှု၊ စိတ်ပါဝင်စားမှုမရှိတော့သဖြင့် ဓနုဖြူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့မှ NLDပါတီဝင် ၂၀တို့ စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသန့်ဇင်၊ ဦးအောင်ကြည်ငြိမ်း၊ ဦးသိန်းထွန်း၊ ဦးလှစိုး၊ ဦးသိန်းအောင်၊ ဦးသန်းဇင်၊ ဦးမောင်စန်း၊ ဦးသိန်းဆွေ၊ ဦးဝင်းရွှေ၊ ဦးမြင့်အောင်၊ ဦးလှမြင့်၊ ဦးသန်းတင်၊ ဦးနိုင်ဦး၊ ဦးစိုးမြင့်၊ ဦးသန်းထိုက်နှင့် ဦးဝင်းထိုက်တို့ ၁၆ဦးသည်လည်းကောင်း၊ ဟင်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကံရင်၊ ဦးစန်းမြင့်၊ ဦးညွန့်ရွှေနှင့် ဦးအုန်းသိန်းတို့ လေးဦးသည်လည်းကောင်း ဩဂုတ် ၂၃ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❍

ဆောင်းပါးအညွှန်း

ခန္ဓာကိုယ်အတွက် သင့်တင့်မျှတသော အာဟာရ ရဖို့အတွက် မရှိမဖြစ်လိုအပ်သော ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုမှာ 'သွား' ဖြစ်ပါသည်။ လူသားတို့အဖို့ အမြဲတမ်း ဂရုတစိုက်စောင့်ရှောက်ရန် သတိမမူမိသော ကျန်းမာရေးမှာ သွားနှင့်ခံတွင်း ကျန်းမာရေးပင် ဖြစ်ပါသည်။ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုကို ကြိုတင်ကာကွယ်ခြင်းထက် ရောဂါဝေဒနာခံစားရမှသာ ကုသသည့် အလေ့အထကို တွေ့မြင်နေရပါ၏။

ခင်ဦး၏ **"ကျောင်းနေအရွယ်ကလေးငယ် သွားကျန်းမာဖို့ စောင့်ရှောက်မယ်"** (ဆောင်းပါး)

စာမျက်နှာ-၃

အင်တာနက် နည်းပညာသတင်း

စက်ရုပ်လက်မောင်းတု

စက်တင်ဘာ ၁၄ ရက်က ဝါရှင်တန်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် စက်ရုပ်လက်မောင်းတုတပ်ဆင်ထားသူ ကလော်ဒီယာ မစ်ချဲလ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာရုံစေစားမှုဖြင့် လှုပ်ရှားနိုင်သော စက်ရုပ်လက်မောင်းတု တပ်ဆင်နိုင်ပြီ

ချီကာဂို စက်တင်ဘာ ၁၇

စိတ်အာရုံစေစားမှုဖြင့် လှုပ်ရှားနိုင်သော စက်ရုပ်လက်မောင်းတု (bionic arm)ကို ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် တပ်ဆင်ပေးနိုင်ရန် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ပြန်လည်ထူထောင်ရေးသိပ္ပံမှ သိပ္ပံပညာရှင်များက စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စက်တင်ဘာ ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ကလော်ဒီယာ မစ်ချဲလ်ဆိုသူ အမျိုးသမီးတစ်ဦးကို ငါးနာရီခန့်ကြာမြင့်သော ခွဲစိတ်ကုသပြီး စက်ရုပ်လက်မောင်းတုတစ်ခုကို တပ်ဆင်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါအမျိုးသမီးသည် လွန်ခဲ့သည့် နှစ်နှစ်က မော်တော်ဆိုင်ကယ် မတော်တဆမှုကြောင့်သူမ၏ လက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။

အာရုံကြောများနှင့် ဆက်စပ်နေသော ရင်ဘတ်ကြွက်သားတစ်ခု၏ လှုပ်ရှားမှုများကို အာရုံခံယူကာ စက်ရုပ်လက်မောင်းတု လှုပ်ရှားနိုင်စေရန် သိပ္ပံပညာရှင်များက စီစဉ်ပေးထားသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❐